# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ

## အမိန့်ကြော်ငြာစာ

**အမှတ်၊ ၅ /၂၀၁၆**

**၁၃၇၈ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်**

**(၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)**

၁။ နိုင်ငံတော်အတွင်း အချိန်ကာလအလျောက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို စီမံခန့်ခွဲမှုများပြုလုပ်ရာတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီမှ ပေးအပ်သော လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေ၊ ၂၀၁၃ ခုနှစ်၊ အခန်း (၆)၊ ပုဒ်မ (၁၇)ပါ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အလို့ငှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၃ ခုနှစ်၊ အခန်း(၃)၊ ပုဒ်မ ၅(ခ)တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် **"ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဇ) | စစ်ဦးစီးအရာရှိချုပ်(ကြည်း)<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ရဲဦးစီးအရာရှိချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံကြက်ခြေနီအသင်း | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>မီးသတ်ဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ **ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းကော်မတီ၏** လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစီမံချက်ကို အချိန်အခါ၊ အခြေအနေနှင့် အမြဲကိုက်ညီမှုရှိစေရေးအတွက် မပြတ်သုံးသပ်ရေးဆွဲဆောင်ရွက်ရန်၊

(ခ) သဘာဝဘေး(ရေဘေး၊ လေဘေး၊ ဆူနာမီဘေး၊ မီးဘေး၊ ငလျင်ဘေး စသည်)အလိုက် ဖြစ်နိုင်ဖွယ်ရှိသော ဒေသနှင့် လူဦးရေများအား လေ့လာ၍ ဘေးဒုက္ခသည်များအား ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် လူအင်အား၊ စက်ယန္တရား၊ ပစ္စည်းကိရိယာ၊စက်သုံးဆီစသည်တို့ ပြင်ဆင်ထားခြင်း၊ ဒေသအလိုက်မြေပြင်အနေအထားပေါ်မူတည်၍ ဒုက္ခသည်များ တိမ်းရှောင်ခိုလှုံနိုင်သော နေရာများ၊ အသက်ရှင်နေထိုင်ရန် လိုအပ်သောရိက္ခာ၊ ပစ္စည်းအခြေအနေများအား ကြိုတင်လေ့လာပြီး အရေးပေါ်အခြေအနေတွင် အမြန်ဆုံးရရှိနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ထားရန်၊

(ဂ) လျှော်ဘေး၊ မီးဘေး၊ မြေပြိုဘေးစသည့်ဘေးများကြောင့် ပိတ်မိနေသော ဒုက္ခသည်များအား ရှာဖွေကယ်ဆယ်နိုင်ရေးအတွက် ဒေသအလိုက် အထူးအဖွဲ့များ ဖွဲ့စည်းလေ့ကျင့်ရန်၊

(ဃ) အရေးပေါ်ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီများ၊ အစိုးရဌာနများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်၊

(င) သဘာဝဘေးအန္တရာယ် ခံစားနေကြရသူများ အသက်ဘေးမှ လွတ်မြောက်စေရန်နှင့် အသက်ရှင်ကျန်နေသူများအားလုံး ဆက်လက်ရှင်သန်နိုင်ရေးအတွက် ထိရောက်သော အရေးပေါ်တုန့်ပြန်မှုလုပ်ငန်းများဆောင်ရွက်နိုင်ရန် ပေါင်းစပ်ညှိနှိုင်းခြင်း၊ လက်တွေ့အကောင်အထည်ဖော်ခြင်းတို့ကို ပြည်တွင်း၊ ပြည်ပ ပူးပေါင်းဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ရန်၊

(စ) ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများပြီးသည်နှင့် ကယ်ဆယ်စောင့်ရှောက်ရေးနှင့် ထောက်ပံ့ရေး၊ နေရာချထားရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊

(ဆ) ပြည်ပမှအကူအညီလိုအပ်သည်ဟု ဆုံးဖြတ်သောကိစ္စရပ်များအတွက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ထားရန်နှင့် စုဖွဲ့လေ့ကျင့်ထားရန်၊

(ဇ) အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသော ဒေသများအပါအဝင် ကမ္ဘာတစ်ဝှမ်းနိုင်ငံများ၏သဘာဝဘေးဖြစ်ပွားမှုများတွင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအား အထူးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်း၍ နှစ်ဖက်ညှိနှိုင်းလုပ်ဆောင်ခြင်းနှင့် ပါဝင်ကူညီခြင်းတို့အတွက် စနစ်တကျဖွဲ့စည်းလေ့ကျင့်ပြင်ဆင်ထားရန်၊

(ဈ) ဘေးအမျိုးအစားအလိုက်၊ နေရာဒေသအလိုက် လိုအပ်သော ရှာဖွေကယ်ဆယ်ရေးနည်းပညာများ၊ပစ္စည်းကိရိယာများ၊ ယာဉ်ယန္တရားများရရှိစုဆောင်းထားနိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပအတွေ့အကြုံများ၊ ပညာရှင်များ၏အကြံဉာဏ်များကိုရယူကာ နှစ်စဉ်စီမံကိန်းများတွင် ထည့်သွင်းတောင်းခံခြင်း၊ တီထွင်ထုတ်လုပ်ခြင်း၊ စမ်းသပ်အသုံးပြုခြင်းတို့ဖြင့်ရှာဖွေကယ်ဆယ်ရေးနည်းပညာနှင့် ကျွမ်းကျင်မှုမြင့်မားရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ည) ကော်မတီ၏လုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေး အခါအားလျော်စွာ သုံးသပ်ပြင်ဆင်ဆောင်ရွက်ရန်၊

(ဋ) ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များကိုမှတ်တမ်းပြုစုထားရှိရန်နှင့် (၃)လတစ်ကြိမ် အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

(ဌ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်သွားရန်။

ဥက္ကဋ္ဌ(ကိုယ်စား)

စိုးအောင်

အတွင်းရေးမှူး

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ

စာအမှတ်၊ ၁-၅ / ၄၀ (က) / ဝ၂၁

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

သမ္မတဦးစီးရုံး

ဒုတိယသမ္မတ(၁)ဦးစီးရုံး

ဒုတိယသမ္မတ(၂)ဦးစီးရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်